# ပင်လုံကျောက်တိုင် တည်ဆောက်သူများ

သန်းဝေ(တောင်ကြီး)

ရှမ်းပြည်နယ် ရွှေရတုမဂ္ဂဇင်းကော်မတီမှ စာရေးသူ သတင်းစာတိုက်များတွင် တောင်ကြီးမြို့နယ် သတင်းထောက်တစ်ဦးအနေဖြင့် နှစ် ၃၅–နှစ်တာဝန်ယူခဲ့သော အချိန်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းသို့လှည့်လည်ကာ သတင်းနှင့်ဓာတ်ပုံများ စုဆောင်းခဲ့သည်ကို သိကြသဖြင့် နှစ်ဟောင်းက အတွေ့အကြုံမှတ်တမ်းများ၊ ဓာတ်ပုံဟောင်းများ ရေးသားပေးပို့ရန် တောင်းဆိုကြသည်။



သို့ဖြစ်၍ ကျွန်တော်၏ ရှမ်းပြည်နယ် ငွေရတုပွဲတော်(၂၅)နှစ်မြောက်က ပင်လုံမြို့သို့ သတင်းခရီးလှည့်လည်ခဲ့ရာတွင် ပင်လုံကျောက်တိုင်ကြီးရှိရာသို့ ရောက်ခဲ့သဖြင့် ခေါင်းဆောင်ကြီးများ အစီအစဉ်ဖြင့် တည်ဆောက်ခဲ့သော ထိုကျောက်တိုင်ကြီး၏ လှပသောရှုခင်းကို မှတ်တမ်းတင်ရာမှ တစ်ဆက်တည်း အသက်ရှင်လျက်ရှိသော ကျောက်တိုင်ဆောက်သူ ပန်းရန်ဆရာကြီးဦးထွေးတို့အဖွဲ့ကို တွေ့ဆုံမေးမြန်းခွင့် ကြုံခဲ့ရသဖြင့် နှစ်ဟောင်းများမှ မြင်ကွင်းကို မမီလိုက်သော လူငယ်များ မှတ်သားနိုင်ရန် (၂၀–၂–၇၂)ထုတ် ဟံသာဝတီသတင်းစာ အထူးထုတ်အချပ်ပိုတွင် ဖော်ပြပြီးခဲ့သော ကျွန်တော်၏ ဆောင်းပါးကို ပြန်လည်ကိုးကား၍ ရေးသားလိုက်ရပါသည်။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့ အနောက်တောင်ထောင့်အရပ်တွင် လွန်ခဲ့သော ၂၅–နှစ်က တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဗိသုကာကြီးဗိုလ်ချုပ်အောင်ဆန်းနှင့်တောင်တန်းဒေသခေါင်းဆောင်များ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး အုတ်မြစ်ချသည့်ကမ္ဘာကျော် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့်စားပွဲနေရာတွင် အထိမ်းအမှတ်အဖြစ် "ပြည်မတောင်တန်း ပူးပေါင်းရေးကျောက်တိုင်"တစ်ခုကို မတ်မတ်ခိုင်ခိုင် တည်ဆောက်ရန် ဆုံးဖြတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၁၉၄၇–ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် အုတ်မြစ်ချခဲ့သည်။

ထိုအုတ်မြစ်ချခဲ့သော နေရာတွင် အရှည် ၁၂ ပေရှိသော သပြေတိုင်တစ်ခုကို ဦးစွာစိုက်ထူထားခဲ့သည်။ ၁၉၅၁–ခုနှစ်၊ ပင်လုံမြို့စားကြီးဦးစံမြလက်ထက်တွင် သပြေတိုင်ဘဝမှ ခန့်ညားသော ကျောက်တိုင်ကြီးတစ်တိုင် တည်ဆောက်ရန် ပန်းရန်ဆရာဦးထွေးအား ကန်ထရိုက်ပေးခဲ့သည်။



ပင်လုံကျောက်တိုင် တည်ဆောက်ခဲ့သော ပန်းရန်ဆရာကြီး ဦးထွေး(ဝဲဘက်မှ ပုဆိုးဝတ်)အား တွေ့ဆုံမေးမြန်းစဉ်

ကျွန်တော်သည် ပင်လုံမြို့သို့ရောက်ခိုက် ထိုကျောက်တိုင်ကြီးကို တည်ဆောက်ခဲ့သည့် ပန်းရန်ဆရာကြီးဦးထွေးအား တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။

ပန်းရန်ဆရာကြီး ဦးထွေးက "အဲဒီကျောက်တိုင်ကြီးကို ငွေ ၄၁၀၀ ကျပ်နဲ့ကျွန်တော် ကန်ထရိုက်ယူပြီး ဆောက်ပါတယ်။ ၁၉၅၁–ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်မှာ အလုပ်စပါတယ်။ ကျောက်တိုင်ဆောက်တာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး။ ကိုပုည၊ ကိုသြဘာ၊ ကိုကျော်တင့်၊ ကိုညီလှ၊ ကိုအောင်ပွင့်နဲ့ကိုကံချွန်းဆိုတဲ့ သူတွေလဲ ပါပါတယ်။ သူတို့က ကျွန်တော့်ပန်းရန်အဖွဲ့တွေပေါ့"ဟု ရှင်းပြသည်။

ဆက်လက်၍ ကျောက်တိုင် အတိုင်းအတာများကို ရှင်းပြသည်။

"ကမ္ပည်းစာတမ်းထိုးထားတဲ့ကျောက်တိုင်ရဲ့အုတိုင်ကြီးဟာ လုံးပတ် ၁၄ ပေရှိတယ်။

မြေပေါ်မှာ ၆ ပေရှည်ပြီး မြေအောက်မှာ ၆ ပေရှည်တယ်။ ကမ္ဘာကျောက်နဲ့လုပ်ထားတာပါ။ ပြီးတော့ အထက်က ကြယ်ပွင့်ကြီးက ၃၁ ပေမြင့်တယ်။ အဲဒီကြယ်ပွင့်ကြီးကိုတော့ ဂွန်ကျောက်နဲ့အတွင်းက ခံထားတယ်။ အတွင်းမှာ အောက်ခြေက အထက်အထိ ပိန္နဲတိုင် ၅ လက်မ ပတ်လည်အင်ကြင်းသား ၁၈ ပေတစ်ချောင်း၊ ၂၄ ပေတစ်ချောင်း ဆက်ပြီးထားပါတယ်။



ပင်လုံကျောက်တိုင် တည်ဆောက်ရာ၌ပါဝင်သော ပန်းရန်ဆရာ ကိုမှုည

"ကြယ်ကလေးငါးပွင့် တိုင်တွေကတော့ ၉ ပေစီ မြင့်တယ်။ အတွင်းက သံပိုက်လုံး တစ်ကျပ်လုံးတွေခံပြီး ဂွန်ကျောက်နဲ့ပဲ လုပ်ထားပါတယ်။

"အောက်ခြေအုတ်ခုံကတော့ အချင်း ၁၈ ပေ ရှိပါတယ်။ မြေထဲမှာ ၆ လက်မ၊ မြေပေါ်မှာ ၆ လက်မ မြင့်တယ်။

"အဲဒီတုန်းက လူကလည်း ငယ်တုန်းဆိုတော့ အဖွဲ့သားတွေအားလုံး ပျော်ပျော်ပါးပါး ဆောက်ကြတာပဲ။ ဘေးပတ်လည်မှာလဲ အခုလို ရှင်းရှင်းလင်းလင်း မဟုတ်ဘူး။ သစ်ပင်တွေ သိပ်ထူတယ်။ အဲဒါတွေကိုလဲ ရှင်းရသေးတယ်။

"အခုရှိတဲ့ "ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ကျောက်တိုင်"ဆိုတဲ့ကမ္ပည်းစာလုံးတွေဟာ အရင်က မြောက်ဘက်ကို မျက်နှာမူထားတယ်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းလှည့်ပြောတဲ့ဘက်ကို မျက်နှာမူထားတဲ့သဘောပါ။ ဒီနှစ် ဇန်နဝါရီလထဲမှာ ဆောက်လုပ်ရေး ကော်ပိုရေးရှင်းက ကျောက်တိုင်ကို မွမ်းမံပြင်ဆင်တော့ ကမ္ပည်းက အရှေ့ဘက်ကို မျက်နှာမူတာ ဖြစ်သွားတယ်" ဟု စိတ်ရှည်လက်ရှည် ရှင်းပြလိုက်ပါသည်။

ဦးထွေးသည် ယခုအခါတွင် အသက် ၅၂ နှစ် ရှိပြီဖြစ်ပါသည်။ ကျန်းမာဆဲ၊ အလုပ်လုပ်ဆဲ ဖြစ်ပါသည်။ ဇနီးဒေါ်ရွှေပွင့်နှင့်အတူ ပင်လုံမြို့၊ ရပ်ကွက် ၆၊ ကန်တော်ကြီးလမ်း၊ အမှတ်

E-book is created by www.shanyoma.org

တ–၁၇ တွင် နေထိုင်ပါသည်။ သားသမီး ၉ ယောက်ရှိပါသည်။

သန်းဝေ(တောင်ကြီး)

E-book is created by www.shanyoma.org

မှတ်ချက်။ ။၁၉၉၇–ခုနှစ်တွင် ရန်ကုန်မြို့ တောင်ကြီးအသင်းမှ ထုတ်ဝေလိုက်သောနှစ် (၅၀)မြောက် ရွှေရတုရှမ်းပြည်နယ်မဂ္ဂဇင်း စာမျက်နှာ(ဂ၆ မှ ဂဂအထိ)၌လာရှိသော ဆောင်းပါးကို ပြန်စာစီရိုက်ထားပါသည်။